# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 4 , 2022 Volume 53, Number 2


**၄.၄.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၀ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၈.၃ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၃၆၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၂၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com

# ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများအတွက် ဝင်ငွေခွန် ၁၇ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်

၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမှာ ရန်ကုန်စတော့အိတ်ချိန်း (YSX)စာရင်းဝင် အများပိုင်ကုမ္ပဏီတွေ ပေးဆောင်နေရတဲ့ ဝင်ငွေခွန်ပမာဏကို လျှော့ချလိုက်ပြီး ၁၇ ရာခိုင်နှုန်းသာ ကျသင့်ပေးဆောင်ဖို့ သတ်မှတ်ပြဋ္ဌာန်းလိုက်ပါတယ်။

စာရင်းဝင်ကုမ္ပဏီတွေအနေနဲ့ ဝင်ငွေခွန်ပေးဆောင်ရတာ လျှော့နည်းသွားရခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှုအပိုင်းမှာ ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မယ်လို့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM) အဖွဲ့ဝင် ဦးဌေးချွန်က ပြောပါတယ်။

ယခင်က YSX စာရင်းဝင် ကုမ္ပဏီတွေအနေနဲ့ ဝင်ငွေခွန် ၂၀ ရာခိုင်နှုန်း ပေးဆောင်ခဲ့ရပေမယ့် ယခုအခါ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၁၇ ရာခိုင်နှုန်းသာ စည်းကြပ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ “နောင်ကို ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီတွေ တိုးလာစေရေးအတွက် အများကြီး ဆွဲဆောင်မှုဖြစ်စေတယ်”လို့ ၎င်းကဆိုပါတယ်။

YSX စာရင်းဝင်ကုမ္ပဏီတွေရဲ့ ဥပဒေပါ အကျိုးခံစားခွင့်က ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ စတင်အကျိုး သက်ရောက်မှာဖြစ်ပြီး အခွန် ၃ ရာခိုင်နှုန်း လျှော့ကျသွားတဲ့အတွက်ကြောင့် လုပ်ငန်းလည်ပတ်မှုတွေ ပိုမိုကောင်းမွန်လာနိုင်တယ်လို့ မြန်မာသီလဝါ အက်(စ်)အီးဇင်ဟိုးဒင်း (MTSH) ကုမ္ပဏီရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်က ပြောပါတယ်။ “၃ ရာခိုင်နှုန်းဆိုတဲ့ ပမာဏက နည်းတော့မနည်းပါဘူး။ နိုင်ငံတော်အနေနဲ့ကလည်း အခွန်ရတဲ့ ဝင်ငွေနဲ့လည်ပတ်ရတာဆိုတော့ အရမ်းကြီးလျှော့ချလိုက်ရင်လည်း နိုင်ငံတော်ဘတ်ဂျက်မှာ နည်းသွားတာမျိုးတွေ ရှိနိုင်တယ်”လို့ ဆိုပါတယ်။

စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်မှာလည်း ယခင်ဥပဒေပါ သတ်မှတ်ချက်ဖြစ်တဲ့ ကျပ်သိန်း ၁၀၀၀ အထိ ၃ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀၀ အထိ ၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀၀၀ အထိ ၁၀ ရာခိုင်နှုန်း၊ သိန်း ၃၀၀၀၀ အထိ ၁၅ ရာခိုင်နှုန်းနဲ့ ကျပ် ၃၀၀၀၁ သိန်းအထက်ကိုတော့ ၃၀ ရာခိုင်နှုန်း ပေးဆောင်ဖို့ ပြဋ္ဌာန်းထားပါတယ်။

ထို့အပြင် အခြေခံအဆောက်အအုံ တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ကုန်သွယ် လုပ်ငန်းခွန် ၃ ရာခိုင်နှုန်းပေးဆောင်ဖို့ ယခင်အတိုင်းသတ်မှတ်ထားတာကြောင့် အိမ်ရာကဏ္ဍမှာ ထပ်မံပြီး အရောင်းအဝယ်ဖြစ်အောင် ဆွဲဆောင်တဲ့ သဘောမျိုးဖြစ်တယ်လို့ လုပ်ငန်းရှင်တစ်ဦးက သူ့အမြင်ကို ပြောထားပါတယ်။

**Source: BETV Business**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## MIC အနေဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များကို အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုနိုင်ရန်စီစဉ်နေပြီး ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန်ဆောင်ရွက်နေ



https://news-eleven.com/article/228545

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) အနေဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များကို အွန်လိုင်းမှခွင့်ပြုပေးနိုင်ရန် စီစဉ်နေပြီး ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်နေကြောင်း ဧပြီ ၁ ရက်ကပြုလုပ်သည့် Unboxing Investment Facilitation Toolkit 2022 အခမ်းအနားမှ သိရသည်။

"MIC ရဲ့ ခွင့်ပြုမိန့် အတည်ပြုမိန့်တွေကို အခုချိန်မှာ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို အီလက်ထရောနစ်စနစ်ဖြင့် လုပ်နိုင်ပြီဖြစ်သော်လည်း MIC ခွင့်ပြုမိန့် အတည်ပြုမိန့်တွေကိုတော့ အွန်လိုင်းကနေလုပ်ဆောင်ဖို့အတွက်ကို ကြိုးပမ်းနေတဲ့ အနေအထားဖြစ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏအောင်က ပြောကြားသည်။

အဆိုပါစနစ် ဆောင်ရွက်ပြီးပါက ရင်းနှီးမြှုပ်နှံမှုခွင့်ပြု၊ အတည်ပြုမိန့်များကို အွန်လိုင်းမှတဆင့် လျှောက်ထားနိုင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း စတင်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားကြောင်းသိရသည်။ "ဖြစ်နိုင်ရင် ၂၀၂၂ ခုနှစ်အတွင်းမှာပဲ ကြေညာနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ အနေအထားရှိပါတယ်" ဟု ညွှန်ကြားရေး မှူး ဒေါက်တာဝဏ္ဏအောင်က ပြောကြားသည်။

အထက်ပါ Unboxing Investment Facilitation Toolkit 2022 အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မစတင်မီနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စတင်ပြီးနောက်ပိုင်း၌ DICA သို့ စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်လိုပါက လွယ်ကူမြန်ဆန်စွာ တွေ့ဆုံဆွေးနွေးနိုင်မည့် အွန်လိုင်းဝန်ဆောင်မှု DICA Online Solution (DOSo) စနစ်ကို မိတ်ဆက်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန DICA အနေဖြင့် အွန်လိုင်းစနစ်သို့ ၂၀၁၆ ခုနှစ်က စတင်ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ပြည့်နှစ်တွင် Myanmar Companies Online (MyCo) စနစ်၊ ၂၀၂၀ ပြည့်နှစ်တွင် Myanmar Online Investment Directory(MyInDy) စနစ် နှင့် Auto Reply for Facebook (Messenger) Auto Reply စနစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ပြည့်နှစ်တွင် Online VISA Recommendation System(Online VISA)စနစ်တို့ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လက်ရှိအချိန်အထိ နိုင်ငံပေါင်း ၅၀ ကျော်မှ ရင်းနှီးမြှုပ်နှံမှုပမာဏဒေါ်လာ ၉၃ ဘီလျံကျော် လာရောက်ရင်းနှီးမြှုပ်နှံထားသည်။ စင်ကာပူနိုင်ငံက အများဆုံးလာရောက်မြှုပ်နှံထားပြီး တရုတ်နိုင်ငံက ဒုတိယအများဆုံးလာရောက် ရင်းနှီးမြှုပ်နှံထားကြောင်း DICA မှ သိရသည်။

**Source:** https://news-eleven.com/article/228545

## မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းမှတစ်ဆင့် အချိုရည်နှင့်စားသောက်ကုန်များ တင်သွင်းမှုလျော့ကျလျက်ရှိပြီး ဆောက်လုပ်ရေးပစ္စည်းများနှင့် အရေးကြီးလိုအပ်ချက် လူသုံးကုန်ပစ္စည်းများသာ တင်သွင်းလျက်ရှိကြောင်းသိရ

မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းမှတစ်ဆင့် အချိုရည်နှင့်စားသောက်ကုန်များ တင်သွင်းမှုလျော့ကျလျက်ရှိပြီး ဆောက်လုပ်ရေးပစ္စည်းများနှင့် အရေးကြီးလိုအပ်ချက် လူသုံးကုန်ပစ္စည်းများသာ တင်သွင်းလျက်ရှိသည်ဟု နယ်စပ်ကုန်သည်တစ်ဦးက ပြောကြားသည်။

ပြည်တွင်းသို့တင်သွင်းရာတွင်ယခင်က သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသည့် ကုန်စည်များမှာ ယခုအခါ လိုင်စင်လျှောက်ထားရမည့် ကုန်သွယ်မှုမူဝါဒအပြောင်းအလဲကြောင့် ကုန်ဈေးနှုန်းမြင့်တက်လာခဲ့ကာ စားသုံးမှုဈေးကွက်ကို ထိခိုက်လျက်ရှိသည်။

မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းမှတစ်ဆင့် ၅ လကျော်အတွင်း အမေရိကန်ဒေါ်လာ ၁၂၅၆ ဒသမ ၂၆၃ သန်းကုန်သွယ်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၅၇၃ ဒသမ ၂၉၀ သန်း ပိုမိုကုန်သွယ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

ဘဏ္ဍာနှစ်သစ်တွင် ကုန်သွယ်မှုပမာဏအားဖြင့် ပို့ကုန်ရောသွင်းကုန်ပါ မြင့်တက်နေသော်လည်း စားသောက်ကုန်နှင့်လူ့အသုံးအဆောင်များအား လိုင်စင်ဖြင့်သာ တင်သွင်းရမည်ဟု ကန့်သတ်ချက်များ၊ ထိုင်းငွေဈေးမြင့်တက်မှုများကြောင့် ကုန်ဈေးနှုန်းမြင့်မားလာခြင်းကြောင့် သွင်းကုန်ပိုင်းတွင် ပုံမှန်ထက်လျော့နည်းနေကြောင်း၊ တရားမဝင်ကုန်စည်စီးဆင်းမှုများ တရားဝင်လမ်းကြောင်းပေါ်တက်လာခြင်းကြောင့် ယခင်နှစ်ကထက် ကုန်သွယ်မှုပမာဏ မြင့်တက်လာခြင်းဖြစ်သည်ဟု နယ်စပ်ကုန်သည်လုပ်ငန်းရှင်တစ်ဦး သုံးသပ်ပြောကြားသည်။

မြဝတီနယ်စပ်မှပို့ကုန်ရောသွင်းကုန်ပါ ကုန်သွယ်ခဲ့သည့်ဘဏ္ဍာနှစ်သစ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်ထိ ၅လနှင့်၂၅ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၂၅၆ ဒသမ ၂၆၃ သန်းကုန်သွယ်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၅၇၃ ဒသမ ၂၉၀ သန်းပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့လယ်ယာထွက်ကုန်ပြောင်းဆန်များအား ထိုင်းနိုင်ငံဘက်သို့ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ တင်ပို့လျက်ရှိပြီး အခြားလယ်ယာထွက်ကုန် ငရုတ်၊ ကြက်သွန်၊ ပဲနှင့် CMP ချုပ်ထည်များ တင်ပို့မှုမြင့်တက်လာခြင်းကြောင့် ယခုဘဏ္ဍာနှစ်၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်၂၅ ရက်ထိ ၅၅၆ ဒသမ ၄၆ရသန်းဖိုး တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူကထက် အမေရိကန်ဒေါ်လာ ၂၅၆ ဒသမ ၂၂၅သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဘဏ္ဍာနှစ်သစ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၂၂ မတ် ၂၅ ရက်ထိ ထိုင်းနိုင်ငံထုတ်ကုန်များ မြန်မာနိုင်ငံဘက်သို့တင်သွင်းရာတွင် အမေရိကန်ဒေါ်လာ ၆၉၉ ဒသမ ၅၃၃ သန်းတင်ပို့နိုင်ခဲ့သည့်အတွက် ယခင်နှစ်ကာလတူက တင်သွင်းခဲ့သည့် ဒေါ်လာ ၃၈၂ ဒသမ ၄၆၈ သန်းနှင့်နှိုင်းယှဉ်ပါက ဒေါ်လာ ၃၁၇ ဒသမ ၀၆၅ သန်းဖိုးပိုမိုတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်စခန်းများဖြစ်သည့် မြဝတီအပါအဝင် တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ့လယ်ယာထွက်ကုန်နှင့် ရေသယံဇာတ တင်ပို့မှုမှာ ၅ လနှင့် ၂၅ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၇၁၅ ဒသမ ၂၆၉ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၈၁၂ ဒသမ ၁၄၀ သန်းတင်သွင်းနိုင်ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅၂၇ ဒသမ ၄၀၉ သန်း ကုန် သွယ်နိုင်ခဲ့သည့်အတွက် ယခင်နှစ်ကာလတူထက် သွင်းကုန်၊ ပို့ကုန်နှစ်ခုလုံးတွင် အမေရိကန်ဒေါ်လာ ၅၆၆ ဒသမ ၄၉၄ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

မြဝတီနယ်စပ်စခန်းမှ ကုန်သွယ်မှုမြင့်တက်နေသော်လည်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်လမ်းကြောင်း၏ အရေးပါသော ဒေါနတောင်ကျော်ကုန်သွယ်လမ်းကြောင်းတွင်ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများကြောင့် မတ် ၂၇ ရက်မှ မတ် ၃၁ ရက်ထိ ကုန်သွယ်မှုရပ်ဆိုင်းသွားသည်အထိဖြစ်ခဲ့ရာမှ မတ် ၃၁ ရက် နောက်ပိုင်းမှသာ ကုန်သွယ်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/228540

## ဧပြီ ၁ ရက်မှစ၍ စက်ရုံများ၏ လစာအတွက် ကန့်သတ်ချက်မရှိထုတ်ပေးခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းနှင့် အစိုးရဘတ်ဂျက် လုပ်ငန်းများအတွက် တစ်ပတ်လျှင် ကျပ်သိန်း ၁၀၀၀ အထိ တိုးမြှင့်ထုတ်ပေးရန် ဗဟိုဘဏ်ညွှန်ကြား

၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဘဏ်မှငွေသားထုတ်ယူရာတွင် စက်မှုဇုန်စက်ရုံများ၏ လုပ်ခလစာအတွက် ကန့်သတ်ချက်မရှိထုတ်ပေးခြင်းအပြင် ကုန်ကြမ်းဝယ်ယူခြင်းနှင့် အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအတွက် တစ်ပတ်လျှင် ကျပ်သိန်း ၁၀၀၀ အထိ ထုတ်ပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်စွဲဖြင့် ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။ လက်ရှိအချိန်တွင် ဘဏ်များ၏ငွေသား စီမံခန့်ခွဲမှုအခြေအနေကောင်းမွန်လာသည့်အပေါ် ဗဟိုဘဏ်မှဖြေလျှော့ပေးနိုင်သည့် ကိစ္စရပ်များအပေါ်စိစစ်ပြီး အများပြည်သူများ ငွေသားထုတ်ယူခြင်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ရည်ညွှန်း(၁)နှင့်

ရည်ညွှန်း(၃)ပါ ကန့်သတ်ချက်ထက် ကျော်လွန်ခွင့်ပြုသည့်ကိစ္စရပ်များအပြင် အောက်ပါကိစ္စရပ်များအတွက် ယခင်သတ်မှတ် ပမာဏ ကျပ်သိန်း ၂၀ နှင့်ကျပ်သိန်း ၂၀၀ သတ်မှတ်ချက်ကို ကျော်လွန်၍ အောက်ပါသတ်မှတ်ချက်ပမာဏများအတိုင်း တိုးမြှင့် ထုတ်ယူခွင့်ပြုရန် ညွှန်ကြားခြင်းဖြစ်သည်။

ယင်းကဲ့သို့ တိုးမြှင့်ထုတ်ယူခွင့်ပြုရာတွင် အစိုးရဌာနများ၏ သင်တန်းကျောင်းစရိတ်များ၊ ဆုချီးမြှင့်ငွေများ၊ ဝတ်စုံကြေးများ ၊ နိုင်ငံဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်ငွေများ ၊ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ငွေများ၊ ဝန်ထမ်း ဆုချီးမြှင့်ငွေများနှင့်ဘာသာရေးဆိုင်ရာ အခမ်းအနားများအတွက် ငွေသားထုတ်ယူခြင်းကို တစ်ပတ်လျှင် အများဆုံးကျပ်သိန်း ၁၀၀၀ ထုတ်ယူခွင့်ပြုရန် ဖော်ပြ ထားသည်။

အစိုးရဌာနအသီးသီး၏ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအသုံးစရိတ်များအတွက် ငွေသား ထုတ်ယူမှုကို တစ်ပတ်လျှင် အများဆုံး ကျပ် သိန်း ၁၀၀၀ အထိ ထုတ်ပေးရန်ဖော်ပြထားသည်။ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရ များ၏ အသုံးစရိတ်များ၊ ဘတ်ဂျက်ငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ ထောက်ပံ့ကြေးများ (ဥပမာ-လူမှုဖူလုံရေးဆိုင်ရာထောက်ပံ့မှုများ၊လူထုဗဟိုစီမံကိန်းထောက်ပံ့မှုများ) နှင့် လျော်ကြေးကိစ္စများ အတွက် ငွေသားထုတ်ယူခြင်းကို တစ်ပတ်လျှင် အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ထုတ်ယူခွင့်ပြုရန် ဖော်ပြထားသည်။

စက်မှုဇုန်စက်ရုံများ၏ လုပ်ခလစာ ကိစ္စရပ်များအတွက် ကန့်သတ်ချက်မရှိထုတ်ပေးခြင်းအပြင် ကုန်ကြမ်းဝယ်ယူခြင်း အတွက် ငွေသားထုတ်ယူမှုကို မိမိတို့၏ငွေကြေးလွယ်ကူမှုအပေါ်မူတည်၍ တစ်ပတ်လျှင် အများဆုံးကျပ်သိန်း ၁၀၀၀ ထုတ်ယူ ခွင့်ပြုရန် ဖော်ပြထားသည်။ ကျန်းမာရေးနှင့်ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအတွက် အထောက်အထားများ ပြည့်စုံခိုင်လုံပါက လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ဘဏ်စာရင်းအသီးသီးမှ ငွေသားထုတ်ယူခြင်းကို တစ်ပတ်လျှင် အများဆုံး ကျပ်သိန်း ၁၀၀ အထိ ထုတ်ယူခွင့်ပြုရန် ဖော်ပြထားသည်။ အဆိုပါညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဟု ဖော်ပြ ထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များနှင့် ဘဏ်မဟုတ်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ငွေသားစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်အတွက် ငွေသားထုတ်ယူရာတွင် ATM/POS (Cardless Withdraw အပါအဝင်)မှ ငွေသားထုတ်ယူမှုကို တစ်ရက်လျှင် အများဆုံး ကျပ်ငါးသိန်း၊ ဘဏ်ငွေစာရင်းအသီးသီးမှငွေသားထုတ်ယူခြင်းကို လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် တစ်ပတ်လျှင် အများဆုံး ကျပ်သိန်း ၂၀ နှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် တစ်ပတ်လျှင် အများဆုံး ကျပ်သိန်း ၂၀၀ အဖြစ် ယာယီလိုက်နာဆောင်ရွက်သွားရန်နှင့် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းကြီးများ၏ လုပ်ခလစာများ ၊ ထောက်ပံ့ကြေးငွေများ၊ ပင်စင်လစာများအတွက် ငွေထုတ်ယူခြင်းကို အထောက်အထားများစိစစ်၍ ဘဏ်များအနေဖြင့် မိမိ၏ငွေကြေးလက်ကျန် အခြေအနေအရ သတ်မှတ်ချက်ထက်ကျော်လွန်၍ ထုတ်ပေးရန် ရည်ညွှန်း-၁(ဗဟိုဘဏ်၏၁.၃.၂၀၂၁ ရက် စွဲပါထုတ်ပြန်ချက်) ပါ စာဖြင့် ညွှန်ကြားခဲ့ သည်။

အများပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကုသရာတွင် အသုံးပြုသည့်ဆေးဝါးများ၊ အောက်ဆီဂျင်၊Oxygen Plant နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း၊ ဆေးရုံ၊ဆေးခန်းနှင့် ကွာရန်တင်းစင်တာများအတွက် အသုံးစရိတ်များ ကျခံခြင်းများအတွက် ခိုင်လုံသည့်အထောက်အထားများဖြင့် တင်ပြလာပါကစိစစ်၍ ငွေထုတ်ကန့်သတ်ချက်ထက် ကျော်လွန်ဆောင်ရွက်ပေးရန် ရည်ညွှန်း-၃(ဗဟိုဘဏ်၏ ၂၈.၇.၂၀၂၁ရက်စွဲ)ပါစာဖြင့် ညွှန်ကြားခဲ့သည်။

ရည်ညွှန်း-၂(ဗဟိုဘဏ်၏ ၂၇.၄.၂၀၂၁ ရက်စွဲ)ပါ ညွှန်ကြားချက်အရ ဘဏ်စာရင်းအသစ်သို့ ဝင်ရောက်ခြင်းဖြစ်ပါက အပ်နှံ သည့် ငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူခွင့်ပြုရန်နှင့် ရည်ညွှန်း-၄(၁၅.၁၁.၂၀၂၁ရက်စွဲ)ပါ ညွှန်ကြားချက်အရ ရောင်းသူစာရင်းသို့ ငွေသားထည့်သွင်းဆောင်ရွက်ခြင်းများအတွက်New Account များအပေါ် လက်ရှိဆောင်ရွက်ပေးလျက် ရှိသည့်အတိုင်း ငွေသားပေးသွင်းသည့် ပမာဏအပေါ် ငွေသားထုတ်ယူခွင့်အပြည့်အဝရှိပြီး ဘဏ်စာရင်းအဟောင်းသို့ ငွေသားဖြင့် ဝင်ရောက်ခြင်းဖြစ်ပါက ငွေသားပေးသွင်းသည့်ပမာဏအတိုင်း ငွေသားပြန်လည်ထုတ်ပေးရန် သတ်မှတ်ချက်များ ပြောင်းလဲမှု မရှိကြောင်း ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/228547

## တစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ မြန်မာ့ဆန်တန်ချိန် ၃၇၃၀၀ ကျော်တင်ပို့ခဲ့ပြီး အာဖရိကနိုင်ငံများသို့ တန်ချိန် ၂၇၀၈၀ ခန့်ဖြင့် အများဆုံးဖြစ်

တစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့မြန်မာ့ဆန်တန်ချိန် ၃၇၃၀၀ ကျော်တင်ပို့ခဲ့ပြီး အာဖရိကနိုင်ငံများသို့ တန်ချိန် ၂၇၀၈၀ ခန့်ဖြင့် အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂ ခုနှစ် မတ် ၁၂ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၁၁ ဒသမ ၉၃၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၇၃၀၀ ကျော် တင်ပို့ခဲ့သည်။ဆန်တင်ပို့မှုအနေဖြင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၂၇၀၈၀ ခန့်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၄၁၈၀ ခန့်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၆၁၀၀ ခန့် နှင့် အမေရိကန်ပြည်ထောင်စုသို့ ဆန်တန်ချိန် သုံးတန်နီးပါး တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုအများဆုံးနိုင်ငံများမှာ ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၀၀ ခန့်၊ နယူးဂီနီနိုင်ငံသို့ ဆန်တန်ချိန် ၂၀၈၀ ခန့်၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၃၃၀၀ ခန့်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၆၅၀ ခန့်၊ စပိန်နိုင်ငံသို့ ၅၅၀၀ ခန့်၊ ပိုလန်နိုင်ငံသို့ တန်ချိန် ၃၀၀ ခန့်၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀ ခန့်နှင့် ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုတန်ချိန် ၂၆၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

မတ် ၁၂ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုတန်ချိန် ၂၀၀၀၀ ကျော် တန်ဖိုးဒေါ်လာ ၆ ဒသမ ၁၃၀ သန်းခန့်ရရှိခဲ့ကြောင်းသိရသည်။ တင်ပို့မှုအနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၆၄၀၀ ခန့်နှင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၆၂၀ ခန့် တင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်ကွဲတင်ပို့မှုတန်ချိန် ၁၆၇၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။ မတ် ၁၂ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုတန်ချိန် ၅၇၃၆၀ခန့် တန်ဖိုးဒေါ်လာ ၁၈ ဒသမ ၀၆၇ သန်း တင်ပို့ခဲ့ကြောင်းသိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ မြန်မာ့ဆန်တန်ချိန် တစ်သိန်းခန့်တင်ပို့ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၃၃၀၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သိန်းခန့်တင်ပို့မှုမှ ဒေါ်လာ ၃၃ သန်းခန့်ရရှိခဲ့သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ တန်ချိန် ၄၁၈၀၀ကျော်၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၃၅၃၀၀ ခန့်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တန်ချိန် ၂၂၃၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ဆန်ဝယ်ယူသော နိုင်ငံစာရင်းများအနေဖြင့် ဂီနီနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀၀ ခန့်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၃၀၀ ခန့်၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၈၃၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၃၃၀၀၀ ကျော်၊ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ ခန့်၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၀၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၅၀ ခန့်၊ အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇၀၀၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၈၀၀ ကျော်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၅၅၀ခန့်နှင့် ဂျာမနီနိုင်ငံသို့တန်ချိန် ၃၅၀ခန့်နှင့် အခြားနိုင်ငံများသို့လည်း တင်ပို့ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက် အထိအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုတန်ချိန် ၁၁၀၀၀ ကျော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၅ တန်ခန့်ဖြင့် စုစုပေါင်းနယ်စပ်လမ်းကြောင်းမှ ဆန်တင်ပို့မှုတန်ချိန် ၁၁၀၀၀ ကျော်တင်ပို့မှုမှ ဒေါ်လာ ၃ ဒသမ ၅၄၅ သန်းခန့် ရရှိခဲ့သည်။ ဖေဖော်ဝါရီတွင် မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုတန်ချိန် ၁၁၀၆၀၀ ကျော်၊ တန်ဖိုး ဒေါ်လာ ၃၆ ဒသမ ၅၄၅ သန်းကျော်ရရှိခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်ကွဲတန်ချိန် ၇၅၀၀၀ ကျော်တင်ပို့မှုမှ တန်ဖိုးဒေါ် လာ ၂၂ ဒသမ ၇၉၁ သန်းကျော်ရရှိခဲ့သည်။ ဆန်ကွဲတင်ပို့မှု အများဆုံးနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၈၆၀၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၃၁၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၅၈၇၀ ကျော်နှင့် စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၀၀၀ ခန့် တင်ပို့ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက် အထိကာလအတွင်း မြန်မာတရုတ်နယ်စပ်မှ ဆန်ကွဲတန်ချိန် ၄၀၀၀ ကျော်နှင့် မြန်မာ-ထိုင်း နယ်စပ်မှ ဆန်ကွဲတန်ချိန် ၁၇၀၀ ကျော်၊ စုစုပေါင်း နယ်စပ်မှဆန်ကွဲတန်ချိန် ၆၀၀၀ ခန့် တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၁ ဒသမ ၇၈၁ သန်းကျော်ရရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှဆန်ကွဲတန်ချိန် ၈၀၀၀၀ကျော်၊ ဒေါ်လာ သန်း ၂၄ ဒသမ ၅၇၂ ခန့် ရရှိခဲ့ကြောင်းသိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၉၁၆၀၀ ကျော်တင်ပို့မှုမှ တန်ဖိုး ဒေါ်လာ ၆၁ ဒသမ ၁၁၇ သန်း ရရှိခဲ့ကြောင်းသိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၇၀၀ ဒသမ ၁၃ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/228594

## ရခိုင်ပြည်နယ်မှထွက်သည့် ကဏန်းနှင့်ပုစွန်များကို ဒေသတွင်းစားသုံးမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချ



https://www.myawady.net.mm/node/23942

ရခိုင်ပြည်နယ်မှထွက်သည့် ကဏန်းနှင့်ပုစွန်များကို ဒေသတွင်းစားသုံးမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မာန်အောင်မြို့မှ ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရသိရသည်။

ရခိုင်ပြည်နယ်မှ ရေထွက်ကုန်လုပ်ငန်းရှင်များသည် ယခင်က ကဏန်းနှင့်ပုစွန်များကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ခဲ့ကြသော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်မရသည့်အတွက် ရခိုင်ပြည်နယ်အတွင်း ရောင်းချခြင်းအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။

"ကဏန်းနဲ့ ပုစွန်တွေကို ရခိုင်ပြည်နယ်အတွင်းမှာ ရောင်းချသလို ရန်ကုန်မြို့ကိုလည်းတင်ပို့ပါတယ်။ လက်ရှိမှာ ကဏန်းဈေးကတော့ကျတယ်။ အရင်က တစ်ကီလိုကို ငွေကျပ် ၁၀၀၀၀ ကျော်ရပေမယ့် အခုငွေကျပ် ၆၀၀၀ ဝန်းကျင်ပဲရတယ်။ ကျောက်ပုစွန်လည်း ဈေးကျတယ်" ဟု ၎င်းကပြောသည်။

ကဏန်းနှင့်ပုစွန်များကို အဓိကရောင်းချနေသည့် ကျောက်ဖြူ၊ သံတွဲ၊ ရမ်းဗြဲ၊ ပေါက်တောနှင့် စစ်တွေမြို့ရှိ ရေထွက်ကုန်လုပ်ငန်းဒိုင်တချို့သည် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်မရသည့်အတွက် ရန်ကုန်မြို့သို့သာ တင်ပို့လျက်ရှိပြီး ကဏန်းတစ်ကီလိုလျှင် ငွေကျပ် ၆၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေရကြောင်းသိရသည်။ ထို့ပြင် ကျောက်ပုစွန်ဈေးနှုန်းသည်လည်း ယခင်က တစ်ကီလိုလျှင် ငွေကျပ် ၈၀၀၀၀ ရရှိခဲ့ရာမှ လက်ရှိတွင် ငွေကျပ် ၃၀၀၀၀ ဝန်းကျင်သာရရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/23942

## ကျောက်ကြီးမြို့နယ်၌ နနွင်းဈေးကောင်းရ၍ နနွင်းစိုက်ပျိုးသူများ အဆင်ပြေ



https://www.myawady.net.mm/node/23934

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ နနွင်းစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် နနွင်းဈေးကောင်းရ၍ နနွင်းစိုက်ပျိုးသူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာတချို့၌ နနွင်းပင်ကို ဘောင်စနစ်ဖြင့် မိုးဦးကာလတွင် စိုက်ပျိုးကြကာ တစ်နှစ်စိုက်ပျိုးပြီးသား နနွင်းပင်ကို လာမည့်မိုးရာသီတွင် ပြန်လည်စိုက်ပျိုးနိုင်ရန် ပျိုးဘောင်များချန်ထားပြီး စိုက်ပျိုးချိန် ဒီဇင်ဘာလလယ်ခန့်ရောက်မှ ဆိုပါပျိုးဘောင်များမှ နနွင်းတက်များကို တူးဖော်စိုက်ပျိုး ကြခြင်းဖြစ်သည်။ မြေတစ်ဧကလျှင် နနွင်းအစိုတက် ပိဿာချိန် ၃၀၀ ခန့် စိုက်ပျိုးရပြီး နနွင်းတစ်ဧကလျှင် ပိဿာချိန် ၈၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

နနွင်းပင်သည် ရေမကြိုက်သည့်အတွက် ကုန်းမြေနေရာများတွင် စိုက်ပျိုးရကြောင်း၊ နနွင်းပင်သည် စိုက်ပျိုးချိန်မှ

တူးဖော်ချိန်အထိ ခြောက်လခန့်ကြာမြင့်ကာ တူးဖော်ရရှိသည့် နနွင်းတက်များကိုသန့်စင်၍ ရေနွေးဖြင့်ပြုတ်ရကြောင်း၊ နနွင်းပြုတ်သည့်ပေါ်မူတည်၍ နနွင်းမှုန့်ပြန်ကြိတ်သည့်အချိန်ရောက်ပါက အရောင်သုံးရောင်ခန့်ထွက်ရှိတတ်ကြောင်း၊ နနွင်းတက်အစို ၂၅ ပိဿာပြုတ်ပါက နနွင်းပြုတ်အတက်ခြောက် ငါးပိဿာရရှိကြောင်းသိရသည်။

ကျောက်ကြီးမြို့နယ်၌ နနွင်းအစိုအတက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၊ နေပူလှန်းပြီးသားအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၊ ကြိတ်ပြီးသားနနွင်းမှုန့်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့်ရောင်းချရပြီး၊ လက်ကားအရောင်းဆိုင်များ၌ နနွင်းမှုန့်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/23934

## ဆောင်းသီးနှံကြက်သွန်နီများထွက်ရှိချိန် အမြင့်ဈေးနှုန်းရသဖြင့် တောင်သူများအဆင်ပြေ


https://www.myawady.net.mm/node/23893

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော ဆောင်းကြက်သွန်နီများ ထွက်ရှိချိန်တွင် ဈေးကောင်းရရှိသဖြင့် ကြက်သွန်နီစိုက်ပျိုးရေးတောင်သူများ အဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးရေးတောင်သူများထံမှ သိရသည်။

ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးချိန်က စိုက်ခဲ့တဲ့ကြက်သွန်နီတွေက တူးဖော်ချိန်ရောက်လို့ ထွက်ရှိချိန်မှာ ကွင်းအတွင်းလာဝယ်ဈေးကို တစ်ပိဿာကို ငွေကျပ် ၆၀၀ ထိဈေးပေါက်နေတဲ့အတွက် အခုနှစ်တော့အဆင်ပြေတယ်။ အခက်အခဲကြားက စိုက်ပျိုးခဲ့ရသလို ထွက်ရှိချိန်မှာလည်း ဈေးကောင်းရတဲ့အတွက် အသက်ရှူချောင်သွားတယ်လို့ပြောရမယ်။ အခုနှစ်မှာတော့ ကြက်သွန်နီစိုက်တဲ့တောင်သူတွေ အဆင်ပြေကြပါတယ်ဟု မုံရွာမြို့နယ် တောင်ပလူကျေးရွာမှ ကြက်သွန်နီစိုက်ပျိုးရေးတောင်သူ ဦးသက်နိုင်ဦးကပြောသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ခြောက်လ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီသီးနှံကို စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ၄၇၂၉၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ခရိုင်အလိုက် စိုက်ပျိုးမှုအနေဖြင့် မော်လိုက်ခရိုင်အတွင်း ၆၅၃ ဧက၊ တမူးခရိုင်အတွင်း ၃၁၅ ဧက၊ ကလေးခရိုင်အတွင်း ၃၃၇၂ ဧက၊ ခန္တီးခရိုင်အတွင်း ၃၂၄ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၁၉၂ ဧက၊ မုံရွာခရိုင်အတွင်း ဧက ၁၁၁၅၀၊ ယင်းမာပင်ခရိုင်အတွင်း ၉၅၉၄ ဧက၊ ရွှေဘိုခရိုင်အတွင်း ၁၃၇၅၆ဧက၊ ကန့်ဘလူခရိုင်အတွင်း ၂၀၈ ဧက၊ စစ်ကိုင်းခရိုင်အတွင်း ၅၁၀၄ ဧက၊ ကသာခရိုင်အတွင်း ဧက ၂၃၈၀၊ ကောလင်းခရိုင်အတွင်း ၂၄၄ ဧကကို စိုက်ပျိုးခဲ့ကြောင်း စစ်ကိုင်းတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရသိရသည်။

**Source:** https://www.myawady.net.mm/node/23893

စီးပွားရေးသံမှူးသတင်းများ

## အိန္ဒိယနိုင်ငံတွင် လာမည့် ၈ နှစ်အတွင်း ပဲမျိုးစုံဈေးကွက်ဝယ်လိုအား တန်ချိန် ၆ သန်းခန့် ပိုမိုများပြားလာမည်ဟု ခန့်မှန်း

အိန္ဒိယနိုင်ငံ၌ လော့ဆာဘလွှတ်တော်အစည်းအဝေးမှ မေးမြန်းမှုအပေါ် ၂၃-၃-၂၀၂၂ နေ့၌ စာဖြင့် ပေးပို့ပြန်ကြားရာတွင် အစိုးရမူဝါဒရေးရာကောင်စီ (NITI Aayog) ၏ လုပ်ငန်းအဖွဲ့က ပြုစုထားသော ၂၀၃၃ ခုနှစ်အထိ လယ်ယာနှင့်သားငါး ဝယ်လိုအားနှင့်ရောင်းလိုအား ခန့်မှန်းချက် အစီရင်ခံစာကို ကိုးကားလျက် ပြည်တွင်းပဲမျိုးစုံဈေးကွက်ဝယ်လိုအားသည် ၂၀၂၁-၂၂ ခုနှစ်တွင် တန်ချိန် ၂၆.၇၂ သန်းရှိရာမှ ၂၀၂၉-၃၀ ခုနှစ်၌ တန်ချိန် ၃၂.၆၄ သန်း အထိ တိုးတက်လာမည်ဟု ခန့်မှန်းရကြောင်းဖြင့် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဒုတိယဝန်ကြီး Mr. Ashwini Kumar Choubey က ပြောကြားခဲ့ပါသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ်တွင် ပဲမျိုးစုံစုစုပေါင်းတန်ချိန် ၂၆.၉၆ သန်းအထိ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားရာ လက်ရှိကာလ၌ ထုတ်လုပ်မှုအပိုင်းမှ အနည်းငယ်ပိုမိုမည့် အခြေအနေရှိသော်လည်း ရှေ့လာမည့် ၈ နှစ်အတွင်း တိုးတက်လာမည့် ပဲမျိုးစုံ ဈေးကွက်ဝယ်လိုအား တန်ချိန် ၆ သန်းခန့်ကို ဖြည့်ဆည်းနိုင်ရေး အစိုးရက စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဦးစီးဌာနသည် ဆန်စပါး၊ ဂျုံ၊ ပဲမျိုးစုံနှင့် နံ့စားသီးနှံများ ထုတ်လုပ်မှုတိုးတက်ရေးအတွက် အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအစီအမံကို ဗဟိုအစိုးရအဆင့် အစီအစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအစီအမံ၏ ပဲမျိုးစုံကဏ္ဍတွင် သတ်မှတ်ထားသည့် ခရိုင်အလိုက် စိုက်ဧရိယာတိုးချဲ့မှု၊ စိုက်ပျိုးမြေ၏ မြေဆီဩဇာ တိုးတက်ကောင်းမွန်စေမှု၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် သရုပ်ပြသခြင်းများဖြင့် စိုက်ပျိုးရေးနည်းပညာများ လွှဲပြောင်းပေးမှု၊ အရည်အသွေးကောင်း မျိုးစေ့များနှင့် စိုက်ပျိုးရေ ချွေတာနိုင်မည့် လယ်ယာသုံးကိရိယာများ အသုံးပြုရေး ဆွဲဆောင်မှုစသည့်လုပ်ငန်းများပါဝင်ကြောင်း၊ အစိုးရသည် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးအတွက် တောင်သူလယ်သမားများထံသို့ စိုက်ပျိုးစရိတ်ချေးငွေများ၊ အမတော်ကြေးများ၊ သွင်းအားစုအထောက်အပံ့များ ပေးအပ်လျက်ရှိသည့်အပြင် လယ်ယာစိုက်ပျိုးရေး အခြေခံအဆောက်အအုံ ရန်ပုံငွေ၊ ကာလရှည် ဆည်မြောင်းရန်ပုံငွေ၊ အသေးစားဆည်ရေပေးဝေရေး ရန်ပုံငွေစသည်တို့ကိုထူထောင်လျက် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယစိုက်ပျိုးရေးဌာန၏ စာရင်းများအရ ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်အတွက် ပဲမျိုးစုံ အထွက်နှုန်းမှာ လွန်ခဲ့သော ၅ နှစ်၏ ပျမ်းမျှအထွက်နှုန်း ၁ ဟက်တာလျှင် ၈၂၀ ကီလိုဂရမ်ထက် ပိုမိုလျက် ၈၈၈ ကီလိုဂရမ်နှုန်းအထိ ရရှိရန် ခန့်မှန်းထားသည်။ ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့အား ယခင် ၅ နှစ် ပျမ်းမျှအထွက်နှုန်းထက် ပိုမိုကောင်းမွန်မည်ဟု မျှော်မှန်းထားသော်လည်း ပဲစင်းငုံသီးနှံကိုမူ စိုက်ပျိုးဧရိယာ ၁ ဟက်တာလျှင် ၅၀ ကီလိုဂရမ်ခန့်လျော့ကျလျက် ၈၂၅ ကီလိုဂရမ်/ဟက်တာနှုန်းသာ ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

**Source: –**

1. Demand for pulses is projected to increase from 26.72 million tonnes in 2021–22 to 32.64 million tonnes in 2029–30, 23–3–2022, Press Information Bureau of India
2. Second Advance Estimates of Production of Foodgrains, Oilseeds and other Commercial Crops for 2021–22, 16–2–2022, Directorate of Economics and Statistics, Department of Agriculture, Cooperation and Farmers Welfare of India

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ဘရာဇီးလ်နိုင်ငံ၏စိုက်ပျိုးထုတ်လုပ်မှုမှ ပြောင်းစေ့တန်ချိန် ၁၁၈.၁၁၅ သန်းထွက်ရှိရန် ခန့်မှန်း



Corn. Photo: Jonas Oliveira/AEN

၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံရာသီတွင် ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုး ထုတ်လုပ်မှုမှ ပြောင်းတန်ချိန် ၁၁၈.၁၁၅ သန်းခန့် ထွက်ရှိနိုင်ရန်ခန့်မှန်းထားပြီး ၂၀၂၀-၂၀၂၁ ခုနှစ်ရာသီတွင် ပြောင်းတန်ချိန် ၉၁.၉၆၄ သန်း စိုက်ပျိုးထုတ်လုပ် ခဲ့ကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးနှင့် အကြံပေးကုမ္ပဏီ Safras & Mercado မှ သုတေသနပညာရှင် Paulo Molinar က သတင်းဌာနသို့ ပြောကြား ခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ ပြောင်းစိုက်ပျိုးဧရိယာသည် ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံကာလတွင် ဟက်တာ ၂၁.၃၇၅ သန်းအထိ စိုက်ပျိုးနိုင်ရန်ခန့်မှန်းထားပြီး ၂၀၂၀-၂၀၂၁ ခုနှစ်ရာသီတွင် ဟက်တာ ၂၁.၁၀၈ သန်း စိုက်ပျိုးခဲ့ကြောင်း၊ သီးနှံအထွက်နှုန်း အနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံရိတ်သိမ်းချိန်တွင် ပြောင်းအထွက်နှုန်းသည် ၁ ဟက်တာလျှင်ပျမ်းမျှ ၅,၅၂၈ ကီလိုဂရမ် ထွက်ရှိရန် ခန့်မှန်းထားပြီး ၂၀၂၀-၂၀၂၁ ခုနှစ်ကာလတွင် ၄.၃၃၃ ကီလိုဂရမ်ထွက်ရှိရန် ခန့်မှန်းခဲ့ကြောင်း Molinar က ပြောကြား ခဲ့သည်။

နွေရာသီ သီးထပ်ပြောင်းစိုက်ပျိုးမှုတွင် ၂၀၂၁-၂၀၂၂ ခုနှစ်ရာသီချိန်၌ ပြောင်းတန်ချိန် ၂၁.၁၅၈ သန်းထွက်ရှိရန် ခန့်မှန်းထားကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် သီးနှံရာသီတွင် လာနီညာဖြစ်ပေါ်ခဲ့မှုကြောင့် ပြောင်းစိုက်ခင်းများ မိုးရေချိန်လုံလောက်စွာ

မရရှိခဲ့သော်လည်း ပြောင်းတန်ချိန် ၂၁.၆၄၅ သန်းအထိ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ နွေရာသီ သီးထပ်ပြောင်း အထွက်နှုန်းသည် ၂၀၂၀-၂၀၂၁ ခုနှစ်ကာလတွင် ၁ ဟက်တာပျမ်းမျှ ၄,၉၇၃ ကီလိုဂရမ်ထွက်ရှိရန်ခန့်မှန်းခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၁ ဟက်တာပျမ်းမျှ ၄,၈၂၅ ကီလိုဂရမ်ထွက်ရှိရန်ခန့်မှန်းထားကြောင်း Molinar က ပြောကြားခဲ့သည်။

Source: **canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## ဘယ်လ်ဂျီယံနိုင်ငံ၌ Airplane Boarding Tax ကောက်ခံမှုသည် ၁-၄-၂၀၂၂ ရက်တွင် စတင်အသက်ဝင်မည်

ခရီးတိုပျံသန်းသည့်လေယာဉ်များဖြင့် ခရီးသွားလာခြင်းထက် ရထားစသည်တို့ဖြင့် ခရီးသွားလာခြင်းကို တွန်းအားပေးဆောင်ရွက်နိုင်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံ၌ လေကြောင်းဖြင့် ခရီးသွားမည့်သူများအတွက် အခွန်သစ်အဖြစ် Airplane Boarding Tax ကောက်ခံမှုသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်၍ အသက်ဝင်မည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ အခွန်သည် ဘယ်လ်ဂျီယံနိုင်ငံတွင်းရှိ လေဆိပ်များအားလုံးအတွက် အကျုံးဝင်မည်ဖြစ်ပြီး၊ (၅၀၀) ကီလိုမီတာအကွာအဝေးထက် မကျော်လွန်သော ခရီးလမ်းကြောင်းများကို လေယာဉ်ဖြင့်သွားလာမည့် ခရီးသည်များသည် အခွန် (၁၀) ယူရိုကို ပေးဆောင်ရမည်ဖြစ်ကြောင်းသိရပါသည်။ ဥရောပစီးပွားရေးနယ်မြေ (European Economic Space) အတွင်းရှိ ယူနိုက်တက်ကင်းဒမ်း (သို့မဟုတ်) ဆွစ်ဇာလန်နိုင်ငံတို့သို့ လေယာဉ်ဖြင့် ခရီးသွားသူများသည် (၂) ယူရိုကို အခွန်အဖြစ် ပေးဆောင်ရမည်ဖြစ်သည်ဟု ဆိုသည်။

ဥရောပနိုင်ငံများပြင်ပရှိ ကီလိုမီတာ (၅၀၀) ထက်ပို၍ ကွာဝေးသော နေရာဒေသများသို့ လမ်းကြောင်းရှည်ပျံသန်းသည့် လေယာဉ်များဖြင့် စီးနင်းလိုက်ပါသည့် ခရီးသည်များအနေဖြင့် လေယာဉ်တစ်ကြိမ်စီးနင်းမှုအတွက် (၄) ယူရို အခွန်ကျသင့်မည်ဖြစ်ကြောင်းသိရပါသည်။ Air Belgium၊ ဘရပ်ဆဲလ်လေကြောင်း (Brussels Airlines) နှင့် TUI တို့က ထိုသို့ အခွန်သစ်ကောက်ခံမည့်ကိစ္စအပေါ် မလိုလားမှုကိုပြသကြကြောင်း၊ အထူးသဖြင့် လေကြောင်းခရီးသွားကဏ္ဍအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်မှ ပြန်လည်နာလန်ထူလာစေရေး ကြိုးပမ်းနေရသည့်အချိန်တွင် အခွန်သစ်ကောက်ခံမှုသည် ကြိုဆိုဖွယ်မဟုတ်ကြောင်း ဖော်ပြကြသည်ဟု သိရပါသည်။

Source: https://www.brusselstimes.com/belgium/213061/new-plane-boarding-tax-takes-effect-from-1-april

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## STOCK EXCHANGE (1.4.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Apr. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 135 | 1,080,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,650 | -100 | -3.64% | 2,700 | 2,700 | 2,650 | 3,620 | 9,739,000 | 38,929,150 | 103,162 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 11 | 84,700 | 10,400,986 | 80,088 |
| FPB | 00004 | 18,000 | -500 | -2.70% | 18,000 | 18,000 | 18,000 | 1,500 | 27,000,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,550 | 2,600 | 2,550 | 446 | 1,142,300 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 1 | 5,000 | 10,497,598 | 52,488 |


### Market summary

As of 4th Apr. 2022

#### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.37 | -4.86 | -1.32% | 366.11 | 366.11 | 362.37 | 5,713 | 39,051,000 | 7 | 630,394 |

#### Index chart




# Market Overview

## Main Board

As of 1:00 pm, 4th Apr. 2022

| MYANPIX | 362.37 ▼ 4.86 |
|---|---|
| Total Volume (shares) | 5,713 |
| Total Value (MMK) | 39 mil |
| Listed Company | 7 |
| Market Cap. (MMK) | 630,394 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,650 | ▼ 100 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 18,000 | ▼ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |